# ပူးတွဲထုတ်ပြန်ကြေညာချက်

## ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက်

၁။ ကျွန်ုပ်တို့၏ ဘုံရည်မှန်းချက်သည် စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းပြီး အသွင်သဏ္ဌာန်နှင့် အနှစ်သာရပြောင်းလဲမည့် စနစ်ပြောင်း ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး ဖြစ်သည်နှင့်အညီ တန်းတူညီမျှမှုနှင့် ပြည်သူလူထု၏ဆန္ဒကို အခြေခံ၍ ပြည်နယ်/ဖက်ဒရယ်ယူနစ် အားကောင်းရေးကို ရှေ့ရှုသည့် ပြည်နယ်/ဖက်ဒရယ်ယူနစ်အားကောင်းရေးမှ ပြည်ထောင်စု အားကောင်းရေး (Bottom – up Federalism) ချဉ်းကပ်မှုဖြင့် တော်လှန်ရေး ကာလ/ကြားကာလမှ စတင်ကာ အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်နိုင်သည် အထိ ဦးတည်လျှောက်လှမ်းနေပြီ ဖြစ်သည်။

၂။ ကျွန်ုပ်တို့သည် ၂၀၂၅ ခုနှစ်တွင် တိုင်းရင်းသားပြည်သူလူထုတရပ်လုံး လိုလားတောင့်တလျက်ရှိသည့် အောင်မြင်မှုပန်းတိုင်သို့ အရောက်လှမ်း ချီတက်နိုင်ရန် ရရှိထားပြီးသော စုစည်းညီညွတ်မှုများထက် ပိုမိုကျယ်ပြန့်ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုများ ရရှိစေရန် ကြိုးပမ်းအားထုတ်ရင်း စုပေါင်းတော်လှန်တိုက်ပွဲဝင်လျက်ရှိပါသည်။

၃။ ကျွန်ုပ်တို့အနေဖြင့် အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုများနှင့်တကွ ၁၀/၂၇ စစ်ဆင်ရေးအပါအဝင် နိုင်ငံတဝှမ်းအလားတူအောင်မြင်မှုများ၊ ကဏ္ဍစုံမှအောင်မြင်မှုများအတွက် တော်လှန်ပြည်သူများနှင့်သက်ဆိုင်ရာ နိုင်ငံရေး/တော်လှန်ရေးအင်အားစုများအား လေးနက်စွာ ဂုဏ်ပြုသည်။ ကမ္ဘာ့ကုလသမဂ္ဂတွင်သံအမတ်ကြီးဦးကျော်မိုးထွန်းအနေဖြင့် မြန်မာနိုင်ငံကိုယ်စားပြုတာဝန်များ ဆက်လက်ထမ်းဆောင်ခွင့်ရခြင်းကို သံတမန်ရေးရာ ပြည်သူ့အောင်ပွဲအဖြစ် မှတ်ယူသည်။

၄။ ကျွန်ုပ်တို့အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဖမ်းဆီးထိန်းသိမ်းခံနိုင်ငံရေး ခေါင်းဆောင်များနှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးသည် မြန်မာနိုင်ငံ၏ လက်ရှိပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် အလွန်အရေးကြီးသည်ဟု မှတ်ယူပါသည်။

၅။ ကျွန်ုပ်တို့သည် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ပေါ်ထွန်းရေးအတွက် အောက်ဖော်ပြပါ နိုင်ငံရေးဦးတည်ချက် (၆) ရပ်ကို ချမှတ်ထားပါသည်။

(က) စစ်အာဏာသိမ်းထားမှုကို ဖယ်ရှားပြီး အနာဂတ်တွင် စစ်တပ်၏နိုင်ငံရေး၌ ပါဝင်နေခြင်းအား အဆုံးသတ်ရန်

(ခ) လက်နက်ကိုင်တပ်ဖွဲ့များအားလုံးကို ဒီမိုကရေစီနည်းကျရွေးကောက်တင်မြှောက်ထားသည့် အရပ်သားအစိုးရ၏ စီမံအုပ်ချုပ်မှုအောက်၌ အပြည့်အဝထားရှိရန်

(ဂ) ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အပြီးတိုင်ဖျက်သိမ်းရန်နှင့် ယင်းကို ပြန်လည် အသက်သွင်းရန် ကြိုးပမ်းမှုမှန်သမျှ တိုက်ဖျက်ရန်

(ဃ) သက်ဆိုင်သူ အစုအဖွဲ့များအားလုံး လက်ခံနိုင်သော ဖက်ဒရယ်နှင့် ဒီမိုကရေစီစနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲ ပြဋ္ဌာန်းရန်၊

(င) ထွက်ပေါ်လာသော ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု အသစ်အား တည်ဆောက်ရန်၊

(စ) ပဋိပက္ခအတွင်း "လိင်နှင့် ကျား၊မအပေါ် အခြေခံသော အကြမ်းဖက်မှုများ အပါအဝင်" မတရားကျူးလွန်ခံရသူများအတွက် တရားမျှတမှုပြန်လည်ရရှိရေးနှင့် အသွင်ကူးပြောင်းရေး ကာလ တရားမျှတမှုရရှိရေး လုပ်ငန်းစဉ် ဖော်ဆောင်ရန်၊

၆။ ကျွန်ုပ်တို့သည် ပြည်နယ်/ဖက်ဒရယ်ယူနစ်များ သတ်မှတ်ဖွဲ့စည်းရေးနှင့် နယ်နိမိတ်ပိုင်းခြား သတ်မှတ်ရေး ကိစ္စရပ်များကို အသွင်ကူးပြောင်းရေးကာလရောက်ရှိသည့်အခါ ပြည်သူလူထု၏ဆန္ဒကို အခြေခံ၍ မည်သည့် ခွဲခြားဆက်ဆံခြင်းမရှိစေဘဲ အဓိကသက်ဆိုင်သူအားလုံး ပါဝင်သော နိုင်ငံရေး ဆွေးနွေးပွဲများတွင် ငြိမ်းချမ်းစွာ ညှိနှိုင်းဆောင်ရွက်သွားမည်။ တော်လှန်ရေးအင်အားစုများ အချင်းချင်း ကြား ဖြစ်ပွားသော မည်သည့်အငြင်းပွားမှုကိုမဆို မိတ်ဖက်ပဋိပက္ခများအဖြစ် မှတ်ယူ၍ ငြိမ်းချမ်းသော နည်းလမ်းများဖြင့်သာ ဖြေရှင်းဆောင်ရွက်သွားကြမည်။

၇။ အာဏာသိမ်းအကြမ်းဖက် စစ်အုပ်စုသည် မြန်မာနိုင်ငံ ပြိုကွဲမည့် အခြေအနေသို့ တွန်းပို့ဖန်တီးနေသည့် အဓိကတရားခံ ဖြစ်သည့်အပြင် မင်းအောင်လှိုင်နှင့်အပေါင်းအပါတို့သည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် မဖြစ်မနေတာဝန်ခံရမည်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်သား အားလုံးအနေဖြင့် အာဏာသိမ်းအကြမ်းဖက် စစ်တပ်မှစွန့်ခွာ၍ ပြည်သူလူထုလိုလားသော ဂုဏ်သိက္ခာ ရှိသည့် တပ်မတော်တရပ်အဖြစ် ပေါ်ထွန်းလာရေးအတွက် ပူးပေါင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

၈။ အာဏာသိမ်းအကြမ်းဖက်စစ်အုပ်စုသည် ရွေးကောက်ပွဲကျင်းပရန် အခွင့်အာဏာမရှိသည့်အပြင် လက်ရှိ နိုင်ငံရေးအခြေအနေသည်လည်း ရွေးကောက်ပွဲ ကျင်းပနိုင်မည့် အခြေအနေ မဟုတ်ပါ။ အတုအယောင်ရွေးကောက်ပွဲကို အဓမ္မကျင်းပရန်ပြင်ဆင်နေခြင်းသည် မြန်မာနိုင်ငံပြိုကွဲမှုကို ဦးတည်စေပြီး ပဋိပက္ခများကိုသာ တိုးပွားလာစေမည့်အပြင် ဒေသတွင်းမတည်ငြိမ်မှုများ ပိုမိုပေါ်ပေါက် လာစေမည် ဖြစ်သောကြောင့် ပြည်သူလူထုနှင့် နိုင်ငံတကာအသိုက်အဝန်းက ပူးပေါင်းပါဝင်ခြင်း၊ ပံ့ပိုး ကူညီခြင်း၊ အသိအမှတ်ပြုခြင်းများအား ရှောင်ကြဉ်ကြရန် တိုက်တွန်းအပ်ပါသည်။

၉။ အာဏာသိမ်းအကြမ်းဖက်စစ်အုပ်စုက ကျူးလွန်နေသည့် ရာဇဝတ်မှုများနှင့် အဓမ္မစစ်သား စုဆောင်းခြင်းလုပ်ရပ် တို့ကြောင့် မြန်မာပြည်သူတို့၏ လူမှုစီးပွားဘဝကို အလွန်အမင်းထိခိုက်ပျက်စီး စေပြီး ပြည်တွင်း၊ ပြည်ပသို့ နေရပ်စွန့်ခွါမှုများ တိုးပွားလာစေကာ ဒေသတွင်း မတည်ငြိမ်မှုကို ပိုမိုဆိုးရွား စေသည်။ ထို့ကြောင့် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာပြည်သူများ လက်ရှိခံစားနေရသည့် အတိဒုက္ခများကို အမြန်ဆုံးကုစားနိုင်ရန် ကျွန်ုပ်တို့တော်လှန်ရေးအင်အားစုများနှင့် ပူးပေါင်း၍ လက်တွေ့ ကျပြီး ထိရောက်သော ပံ့ပိုးကူညီမှုများ ပေးအပ်ရန် တောင်းဆိုပါသည်။ ထို့အပြင် နိုင်ငံအချို့အနေဖြင့် အာဏာသိမ်းအကြမ်းဖက်စစ်အုပ်စု၏ ပြည်သူအပေါ် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နိုင်စေရန် လေယာဉ်ဆီအပါအဝင် စစ်လက်နက်ပစ္စည်းများ ပံ့ပိုးရောင်းချခြင်း၊ သံတမန်ရေးရာအရ အသိအမှတ်ပြု ဆက်ဆံခြင်းတို့ကို ရပ်တန့်ရန် ကျွန်ုပ်တို့က တောင်းဆိုပါသည်။

၁၀။ ကျွန်ုပ်တို့သည် တိုင်းရင်းသားပြည်သူလူထုတရပ်လုံး လိုလားတောင့်တသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီး ပေါ်ပေါက်ရေးအတွက် စည်းလုံးညီညွတ်စွာဖြင့် အတူတကွ ဆက်လက်ချီတက် တိုက်ပွဲ ဝင်သွားမည်ဖြစ်ကြောင်း လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။


ဆက်သွယ်ရန်

Salai Boi Uk (CB) +91 6909-093438

U Sithu Maung(CRPH) +66 6131-20009

U Kyaw Htwe(NLD) +1 612 743-5095

U Toe Kyaw Hlaing (NUCC) +1 260 240-6792

U Tin Tun Naing (NUG) +1 9383-007-007